# ပြုပြင်ပြောင်းလဲရေးများ လိုအပ်နေသည်

## အပိုင်း (၂)

မြန်မာနိုင်ငံသားတို့သည် မြန်မာနိုင်ငံကို ကြီးပွားတိုးတက်စေချင်ကြသည်။ ဒီမိုကရေစီ ပန်းတိုင်ကို မြန်မြန်ရောက်ချင်ကြသည်။ ကမ္ဘာမှာ "မြန်မာ-ဟေ့"ဟု လက်မထောင် ရင်ကော့ကာ ဂုဏ်ယူဝင့်ကြွား လိုက်ချင်ကြသည်။

သို့သော် နှစ်ဘက်စလုံးက များသောအားဖြင့် မည်သည့်နေရာကစ၍ မည်သို့လုပ်ရမှန်း ရေရေရာရာ မသိ။ စမ်းတဝါးဝါးဖြင့် ကောင်းနိုးရာရာများ လုပ်ခဲ့ကြဖူးသည်။

မှန်ကန်သည့်နေရာမှနေ၍ သင့်တင့်လျောက်ပတ်သည့်အချိန်တွင် တကယ့်ကို လုပ်သင့်လုပ်ထိုက် သည်များကိုလည်း လုပ်ခဲ့ကြဖူးသည်။ မအောင်မြင်ရသည်မှာ အစိုးရိမ်လွန်၍ ပိတ်ဆို့ကာဆီးမှုများ ကြောင့် ဖြစ်ရသည်ဟု ဆိုချင်သည်။ ဤအကြောင်းရင်းကို ကုစားနိုင်ရန်မှာ ရှဥ့်လည်းလျှောက်သာ ပျားလည်း စွဲသာသည့် ရည်မှန်းချက်မျိုး အတူတူထားနိုင်မှ ဖြစ်မည်။

နအဖဘက်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှစ၍ နောက်လိုက်ငယ်သားအားလုံးမှာ မြန်မာနိုင်ငံတွင် ကြီးမားသော အင်အားစုတရပ်အဖြစ် အမှန်ပင် တည်ရှိနေသည်။

အခြားတဘက်တွင်လည်း ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြား နိုင်ငံရေးပါတီများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ အားလုံးတို့မှာ ခိုင်မာသော ရပ်တည်မှုဖြင့် ဆက်လက်ရှင်သန်နေမြဲ ဖြစ်သည်။

ထိုအင်အားစုနှစ်ရပ်သည် မြန်မာနိုင်ငံ၏ ကြီးမားသော အရင်းအမြစ်များ ဖြစ်သည်။ လူသားအရင်း အမြစ် ဖြစ်သည့်အားလျော်စွာ အမျိုးသားအကျိုးစီးပွားအတွက် အလိုအပ်ဆုံးအချိန်တွင် ပေါင်းစပ် နိုင်သော အင်အားစုကြီး နှစ်စုလည်း ဖြစ်သည်။

ထိုအင်အားစုနှစ်ရပ်သည် တဘက်ကို အခြားတဘက်က အပြုတ်တိုက်ခြင်းဖြင့် တိုင်းပြည်၏ အရင်း အမြစ် စွမ်းအားများကို ဖြုန်းတီးပစ်ရာရောက်သည်။ ဤအချက်ကို နှစ်ဘက်စလုံးက လေးနက်စွာ စဉ်းစားဆင်ခြင်၍ လက်ခံကြဖို့က အရေးပါဆုံး လိုအပ်ချက် ဖြစ်သည်။ မိုက်ရူးရဲဆန်စွာ တွေးတော၍ ဖွတ်အတင်းလုပ်ကြမည်ဆိုလျှင် မည်သူကပင် စလုပ်လုပ် နှစ်ဘက်စလုံး ဆုံးရှုံးမှုကို လက်ကမ်းလိုက် သကဲ့သို့သာ ရှိနေပေလိမ့်မည်။ တနေရာမဟုတ် အခြားတနေရာတွင် ဆုံးရှုံးနေရသည်ကို လက်တွေ့ ခံစားနေခဲ့ကြပြီး ဖြစ်သည်။

အမှန်စင်စစ် မိမိတို့အမျိုးသားအချင်းချင်း ဤသို့ဆက်ဆံနေခြင်းမျိုးက အိမ်နီးနားချင်းများအလယ်၊ ကမ္ဘာ့အလယ်တွင် ရှက်စရာကောင်းလှသည်။ ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသည်နှင့်တူနေသည်။ ပို၍ ဆိုးသည်မှာ ဆင်းရဲ၍ နိုင်ငံခြားကြွေးမြီများစွာ တင်ရှိနေသော မြန်မာနိုင်ငံအတွက် တန်ဖိုးရှိလှသည့် အချိန်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူသားအရင်းအမြစ်များ ဆုံးရှုံးသွားခြင်းဖြစ်သည်။ နမြော စရာကောင်းလှသည့်တန်ဖိုးများကို နမြောတတ်ဖို့ လိုအပ်လာပြီ ဖြစ်သည်။

မိမိဘက်ခြမ်းတွင် အရင်ဆုံး စိတ်ချလုံခြုံမှ အခြားဘက်ခြမ်းအတွက် စဉ်းစားပေးနိုင်မည် ဆိုသော အတ္တစိတ်ကို လျှော့ချသင့်ကြပါပြီ။

အခြားတဘက်က မိမိအား ရန်ငြိုးဖြင့် ကလဲ့စားချေလိမ့်မည် ဟူသော သံသယနှင့် စိုးရိမ်စိတ်များကိုလည်း ဖျောက်ဖျက်သင့်ကြပါပြီ။

ငါသာလျှင် လုပ်နိုင်သည်၊ ငါလုပ်တာမှန်သည်ဟု အထင်ရောက်သည့် မာန်မာနကိုလည်း ချိုးနှိမ်သင့်ကြပါပြီ။

မိမိထက်ပို၍ တော်တည့်မှန်ကန်အောင် လုပ်နိုင်စွမ်းရှိလျှင် ပုခုံးပေါ်ထမ်းတင်ပေးမည့် စိတ်ထားမြင့်မြတ်မှုများ ရှိနေသင့်ကြပါပြီ။

ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အစရှိသဖြင့် အခြားနိုင်ငံများနှင့် သံတမန်ရေးအရ လုပ်နိုင်ကြသေးသည်။ နိုင်ငံခြားသားများနှင့် ဖက်လဲတကင်း လက်ဆွဲနှုတ်ဆက်နိုင်ကြသေးသည်။ သို့ဆိုလျှင် မိမိတို့လူမျိုးအချင်းချင်း၊ တမြေတည်းနေ တရေတည်းသောက်ကြသူ အချင်းချင်းတို့သည် အမျိုးသားရေးအရ ချစ်ကြည်ရေးကို လုပ်ကိုလုပ်နိုင်ပါလိမ့်မည်။ မလုပ်ခဲ့ဖူးသဖြင့် အစကနဦး၌ တွန့်ဆုတ်နေတတ်သည့် သဘောမျှသာ ဖြစ်သည်။

ဤဆောင်းပါး၏ အဓိကရည်ရွယ်ချက်မှာ အထက်တွင် ဖော်ပြခဲ့သော မဖြစ်သင့်မဖြစ်ထိုက်၊ မရှိသင့်မရှိထိုက်သည့် ဒုတိယအမျိုးအစားမှ ဖြစ်သင့်ဖြစ်ထိုက်၊ ရှိသင့်ရှိထိုက်သည့် ပထမအမျိုးအစားသို့ တတ်နိုင်သမျှ ချောမွေ့စွာ အသွင်ပြောင်းရန် ဖြစ်သည်။ ပို၍ကောင်းမွန်သော စနစ်သို့ အသွင်ပြောင်းရန် ကြိုးပမ်းခြင်း ဖြစ်သည်။ နှစ်ဘက်စလုံးမှ ယင်းသို့ကြိုးပမ်းနေကြသည်မှာ အထင်းသားဖြစ်သည်။

လောလောဆယ် ရပ်တည်နေရသော အခြေအနေများပေါ်မူတည်၍ နှစ်ဘက်စလုံး၌ လုပ်နည်းလုပ်ဟန် ကွာခြားသည်။ ထိုသို့ကွာခြားခြင်းသည် မှားယွင်းသောကိစ္စ မဟုတ်ပါ။ အပြစ်တင်စရာလည်း မရှိပါ။ လုပ်နည်းလုပ်ဟန်များ တူညီနေရမည်ဟုလည်း သတ်မှတ်ထား၍ မရပါ။ အမျိုးသား အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ရန်သာ လိုရင်းဖြစ်သည်။

ဥပမာ- နိုင်ငံအများစုတွင် အာဏာရပါတီနှင့် အတိုက်အခံပါတီတို့ ရှိစမြဲ ဖြစ်သော်လည်း တနိုင်ငံတည်းသားများဖြစ်ကြသော သူနှင့်ငါတို့သည် ငါတို့နိုင်ငံ၏ အကျိုးစီးပွားကို တာဝန်ကိုယ်စီဖြင့် ထမ်းဆောင်နေကြသည် ဆိုသောခံယူချက်ကို ပြတ်ပြတ်သားသားထားရှိလျှင် တဘက်ကိုတဘက် လေးစားလာကြမည်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားတတ်ကြသည်။ အလွန်ကောင်းသော လူမှုရေးစရိုက် ဖြစ်သည်။ တချိန်တည်းမှာပင် မြန်မာလူမျိုးတို့သည် တဦးအပေါ်တဦးက ခွဲခြားနှိမ့်ချခြင်း မရှိပဲ အပြန်အလှန် လေးစားတတ်သည့် နိုင်ငံရေး စရိုက်သဘာဝမျိုး ရှိနေသင့်သည်။

သို့သော် မြန်မာ့နိုင်ငံရေးလောက၌ ငါနှင့်မတူ ငါ့ရန်သူ ဟူသော သဘောထားချက်က ကြီးမားလွန်းနေသည်။ အားကစားပြိုင်ပွဲတခုတွင် တဘက်နှင့်တဘက် အနိုင်မခံ အရှုံးမပေး ယှဉ်ပြိုင်ကြသော်လည်း အားကစားစိတ်ဓါတ်ကို အခြေခံမှ အဓိပ္ပာယ်ရှိသည်။ နိုင်ငံရေးလည်း ထို့အတူဖြစ်သည်။ နှစ်ဘက်စလုံးက အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်သည် ဆိုသည့် နိုင်ငံရေးစိတ်ဓါတ်ကို အခြေမခံနိုင်လျှင် ပဋိပက္ခများသော နိုင်ငံရေး ဖြစ်လာတတ်သည်။ ထိုနိုင်ငံရေးမျိုးတွင် အကျိုးထက် အပြစ်က

ပိုများနေခြင်းကို သင်ခန်းစာယူသင့်သည်။

နအဖက နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ကိုယ်တိုင်ရေးဆွဲ၊ နိုင်ငံလုံးကျွတ် ဆန္ဒခံယူပွဲကို ကျင်းပ၊ ယင်းကို လူထုက ထောက်ခံခဲ့ပြီး ဖြစ်သည်ဟု ကြေညာထားသည်ဖြစ်၍ လက်ရှိမြန်မာ့ နိုင်ငံရေးမှာ ရှေ့မတိုးနောက်မဆုတ် အနေအထားမှ လွန်မြောက်ခဲ့ပြီဟု မည်သူမျှ အပိုင်မပြောနိုင်သေးပါ။ နအဖအဖို့ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ အခြေခံလိုအပ်ချက်များကို ပြုပြင်ပြောင်းလဲခြင်း မရှိသရွေ့ ရှေ့တလှမ်း လှမ်းလိုက်တိုင်း တိုင်းပြည်ပြိုကွဲရန် ပိုမို နီးစပ်လာနေသည်ကို သတိချပ်သင့်သည်။

မြန်မာနိုင်ငံသည် စတာလင်ခေတ်က ရုရှားနိုင်ငံမျိုး မဟုတ်ပါ။ ပိုပေါ့ လက်ထက်က ကမ်ဘောဒီးယားနိုင်ငံလည်းမဟုတ်ပါ။ ဖြစ်လည်းမဖြစ်သင့်ပါ။ တဦး-တဖွဲ့ အလိုကျ နိုင်ငံရေးပုံစံမျိုးကို ဖွတ်အတင်း သွတ်သွင်းရန် ကြိုးပမ်းမှုများကို မြန်မာနိုင်ငံသားတို့၏ နိုင်ငံရေး ရင့်ကျက်မှုများနှင့် ကမ္ဘာ့ဒေသန္တရ နိုင်ငံရေးအခြေအနေများက အချိန်မီ တားဆီးသွားနိုင်စရာ ရှိနေပေလိမ့်မည်။

ပဋိပက္ခများကို ရှောင်ရှား၍ ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းသာလျှင် အကျိုးစီးပွားများ စတင်ဖြစ်ထွန်းလာဖို့ ရေသောက်မြစ် ဖြစ်သည်။

ရှင်းရှင်းပြောရလျှင် နှစ်ဘက်စလုံးက အပြုသဘောကို အခြေခံ၍ တွေ့ဆုံဆွေးနွေးဖို့ လိုအပ်နေဆဲ ဖြစ်သည်။ တကယ်တမ်း စစ်မှန်သည့် အပြုသဘောကို လက်တွေ့ကျကျ အခြေခံပြီးသည့်နောက်တွင် မြန်မာလူမျိုးအချင်းချင်း မြန်မာစကားပြော၍ လိုတိုးပိုလျှော့ ညှိနှိုင်းကြရသည်မှာ ခက်ခဲမည်တော့ မဟုတ်နိုင်ပါ။

နအဖခေါင်းဆောင်များဖြစ်သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ စကားပြောဆိုကြဖူးသည်။ တဖန် ဒေါ်အောင်ဆန်း စုကြည်နှင့် နအဖ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့က နှစ်ဘက်ကို ကိုယ်စားပြု၍ တွေ့ဆုံ ဆွေးနွေးခဲ့ကြဖူးသည်။ သို့သော်လည်း မအောင်မြင်ပဲ ရှိနေခဲ့သည်။ သမိုင်းစာမျက်နှာသစ်ဖွင့်သည် ဆိုသောဝေါဟာရကို စာသားအဖြစ်ထက် ပိုကောင်းအောင်လုပ်ယူနိုင်သည့် အခွင့်ကောင်းများကို လက်လွှတ် ဆုံးရှုံးခဲ့ကြရသည်။

မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအနေအထားတွင် ရှုပ်လည်းလျှောက်သာ ပွားလည်းစွဲသာမည့် နိုင်ငံရေး ရည်မှန်းချက်မျိုးကို နှစ်ဘက်စလုံးက အတူတူထားရှိကြမှသာ ရှေ့သို့ ချောချောမွေ့မွေ့ ခရီးဆက်နိုင်တော့မည်ကို သတိပြုစေချင်သည်။

သက်ဆိုင်ရာ ခေါင်းဆောင်အသီးသီးတို့က ကနဦးအနေဖြင့် နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှနေ၍ မိမိတို့၏ တယူသန် ခံယူချက်နှင့် သဘောထားအချို့ကို နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် အတတ်နိုင်ဆုံး လိုက်လျောညီထွေဖြစ်အောင် မဖြစ်မနေ စတင် ပြုပြင်ပြောင်းလဲဖို့ လိုအပ်သည်မှာ အထင်အရှား ဖြစ်နေတော့သည်။

လွင်အောင်စိုး

၅ ဇူလိုင် ၂၀၀၈